
လရောင်ကျူးရင့်
ပြန်လာခဲ့ပါ
Kan Maw

# ပြန်လာခဲ့ပါ

## လရောင်ကျူးရင့်

*

## အခန်း(၁)

*

"ဆံပင်ကမကောက်ပေမဲ့ လှိုင်းသေးလေးတွေဆိုတော့ ဖြန့်ချထားရင်မိုက်တယ် ... "

"တော်တော်ရှည်လား ... "

"ခါးထိရှည်တယ်၊ နဖူးက ကကြီးပုံပေါ်လွန်းပြီး မဟာဆန်တယ်၊ အသားကကြည်နေတဲ့ နို့နှစ်ရောင်မျိုး ...၊ အရပ်က ခန့်မှန်းခြေ ခြောက်ပေအထက် ..."

"ဟ ... "

"အဟဲ ... အဲဒါကြီးကတော့ ... "

"နာမည် ..."

"မသိ ..."

"သိသိမသိသိဟာ ... ဓာတ်ပုံရိုက်မလာဘူးလား၊ ပို့ပေးမယ် ဆိုပြီး"

"ရှာနေတယ်လေ ..."

သူငယ်ချင်းတွေ ခေါင်းတွေစုပြုံ တိုးဝှေ့နေကြကာ၊ လတ်လတ် လက်ထဲက ဖုန်းကနေ စိန်ထုပ်ကြီး ခုန်ထွက်လာတော့မယ့်အတိုင်း ...၊

"အရမ်း မဖိထားနဲ့လေဟာ ... ဒီမှာ လိုင်းမကောင်းရတဲ့ကြားထဲ ..."

"ရောက်နေတာကို ဖွင့်မရတာလား ... ဒါဆို ငါ့ဖုန်းက ဆွဲအား ပိုကောင်းတယ် ပိုပို့ကို ငါ့ဆီပို့လို့..."

"အံမယ် ... သူလိုချင်တာနဲ့ ... "

"အဟိ ..."

အဆောင်မှာ လူစုမိပြီဆို သူ့အကြောင်းတွေ ပြောကြ မပြောချင်တဲ့လူ ဘေးကပ်နေ ပြောချင်တဲ့လူက ပြောလို့မကုန် သာသာထိုးထိုး ပြောတတ်သည့်လူက အသံအကျယ်ဆုံး ဖြစ်ကာ မမျိုနိုင် မသိပ်နိုင် မဖြစ်သာလို့ ပြောရသည့် လူကတော့၊ တိုးညက်ညက် တဖြည်းဖြည်း ပြီးတော့ ဘယ်သူ့လူက ဘာ ဘယ်သူ့အိမ်က ဘယ်လို ဝေဖန်ကြအကြံပြုကြ ...၊ စကားမျိုးစုံ သလောက် ပျော်ဖို့လည်းကောင်း၏။ စိတ်ဝင်စားစရာ အကြောင်းအရာ မပါခဲ့ရင်တောင် ဖောင်သာဝေအောင် ပြောနေတတ်သည့် အဆောင်နေ မိန်းကလေးတစ်စုရဲ့ သတင်းအစုံအလင်ကဏ္ဍမှာ ဒီနေ့ အံ့သြမကုန်အောင် ဖြစ်နေကြတာ အသက်နှစ်ဆယ့်ငါး သုံးဆယ်ဝန်းကျင် ယောကျ်ားပျို တစ်ယောက်အကြောင်း ...၊

"ရပြီ ...ရလာပြီ ... "

"ဘယ်မှာလဲ ..."

"ခဏစောင့် ..."

"ဟာ ..."

ဘယ်သူ့ဖုန်းမှာမှ ထိုယောကျ်ား၏ပုံက ပေါ်မလာ လတ်လတ် မြတ်မြတ် ကြာကြာ ပိုပို ညိုညိုနဲ့ သင်းကွဲ ...၊ ပိုပိုနဲ့ သင်းကွဲကလွဲလျှင် သူမတို့အားလုံး တစ်စုတရုံးတည်း ရှိနေကြကာ ... ၊ သင်းကွဲဆိုတာက နာမည်နှစ်လုံးထပ်

မဟုတ်သော သိမ့်နဒီကို ခေါ်တာဖြစ်သည်။ သူမတို့ထဲမှာ အားလုံး နာမည် နှစ်လုံးထပ် ဖြစ်နေကြကာ၊ နှစ်လုံးမထပ်ရင်လည်း တစ်လုံးကို နှစ်လုံးထပ် ခေါ်လိုက်ကြကာ အသင်းဝင်အဖြစ် လက်ခံကြ၏။

သိမ့်နဒီကတော့ ဒီလိုမဟုတ် 'ငါ့နာမည်က အစအဆုံးခေါ်မှ ကောင်းတာ ဘယ်အလုံးကိုမှ ဖြတ်မခေါ်နဲ့ နဒီလို့ပဲခေါ်'ဟု တရားဝင် ကန့်ကွက်ခဲ့သူ ဖြစ်သည်။ ထို့ပြင် သူမက ကိုယ်ပိုင်ကား စီးနိုင်သူဖြစ်ကာ ခြောက်ယောက် ထဲမှာ အချောဆုံး အလှဆုံး ဝတ်နိုင်စားနိုင်သည်။ ပြင်နိုင်ဆင်နိုင်သည်။ မိဘနဲ့မနေဘဲ ကိုယ့်အလုပ်ကိုယ်လုပ်ပြီး အဆောင်မှာ လာနေတာမို့ အားလုံးထဲမှာ အထင်ပေါ်ဆုံး ...၊

"ကြည့်ကျက်လည်း လုပ်ပါဦးဟာ ဒီလောက်ချောလှနေတဲ့ သတ္တဝါက လူ မှဟုတ်ရဲ့လား၊ ဓာတ်ပုံမပေါ်ဘူးဆိုတာ သရဲပဲရှိတယ် ... "

"သူမြင်ပြီးပြီမို့လို့ ဘယ်လိုစတိုင်ဆိုတာတွေ ငါတို့ကိုပြောနိုင်တာပေါ့၊ ဒီ နေရာကိုက လိုင်းမကောင်းတာ ဖုန်းသုံးတိုင်း ပြဿနာတက်တယ် ..."

"ဟုတ်ပ ...ငါတို့အုပ်စုလိုက် အဆောင်ပြောင်းရအောင် ..."

မြတ်မြတ်က အသည်းအသန် တားဆီးပြီး နောက်ကိုလည်း လည်ပင်းရှည် ကြည့်သည်။ ပြီးတော့ ကြာကြာ့ကိုကြည့်ကာ ...၊

"ဟဲ့ အပြင်မှာလူရှိလား ...သွားကြည့်စမ်း ... "

ကြာကြာက ခေါင်းညိတ်ပြီး ပြေးကြည့်သည်၊ နောက်လှည့်ကြည့်ပြီး လက် ခါပြကာမှ ...၊

"ငါစုံစမ်းပြီးပြီ နင်တို့ကြားလိုက်ရင် အမေးဇင်းဖြစ်သွားမယ် ...ဟွန်း ... "

"ဟုတ်လား..."

"ဟုတ်ပ ...ကျဉ်းတယ် ကျပ်တယ် ဈေးကြီးတယ် ...၊ မိုင်ဆဲ့လ်ဖ်တွေက ရှိသေး မီးသုံးရတာ ဝေစားမျှစား အမေးဇင်း ဖြစ်သွားမှာကတော့ လခပဲ ..."

"ဟုတ်ပါပြီဟယ် မပြောတော့ပါဘူး ... ၊ ဒီမှာပဲ လူဆွေး တိုက်ဆွေး အောင် နေပါတော့မယ်..."

"အဲဒါကြောင့်ပြောတာပေ့ါ၊ အားလုံးက ကြာနဲ့ တွေ့ဆုံကြမယ့် အကြောင်းကံတွေ ပါလာတာ ..."

ကြာက သူ့ကိုယ်သူ ကြာလို့ ပြောတတ်ကာ အားလုံးထဲမှာ အဆင်းရဲဆုံးမိဘမဲ့ ဆွေမျိုးမဲ့ ဘဝမှာ ကျောင်းပြီးတဲ့အထိလည်း မတက်ခဲ့ရပေ၊ သူနာပြုသင်တန်းတက်ပြီး အထူးကုဆေးရုံကြီး တစ်ခုမှာ အလုပ်လုပ်ကာ အပြင်လူနာရှင်တွေက ငှားလျှင် စပယ်ရှယ် နာ့စ် လုပ်သေးသည်။ ထိုအခါ အဆောင်မှာ သူမ မအိပ်သည့်ညတွေလည်း ရှိတတ်ခဲ့ပြီး ထိုညများတွင်...၊ ကြာကြာ မရှိတာ ကောင်းတယ်" လို့ ပြောတတ်တာ သိမ့်နဒီ ...၊

"သူက သူနာပြုလေ စပါယ်ရှယ်နာစ့်တောင် လုပ်လိုက်သေးတယ်၊ သူများရဲ့ ချေးကလူ သေးကလူတွေ လုပ်ရတာ ရွံစရာကြီး ဒါပေမဲ့ သူ့မျက်နှာ မြင်တော့လည်း မပြောရက်ဘူးသိလား ..." ဆိုတာမျိုး ... ထို့ပြင် ...၊

"ဟယ် ...သူ ဒီညမရှိဘူးလား ...ဂွတ်ဒ်နိုက်ပဲ" ဆိုပြီး ပျော်သွားတတ်တာ သူမ ...၊

ရှေ့မှာတော့ ဘာမှမပြောပေမဲ့ ကြာကြာ့ကို သိမ့်နဒီက သိပ်ပြီး ပရောပရီတွေမလုပ်ပေ။ ကြာကြာကတော့ အားလုံးအပေါ်မှာလည်း သည်းခံသည်၊ သာသည် နာသည်လည်းမတွက်ရှာ၊ အဆောင်မှာ လာနေကြပေမဲ့ အားလုံးက သူ့နေရာနဲ့သူ အလုပ်သွား အလုပ်ပြန် ရုံးသွားရုံးပြန် တွေမှာ ဆုံကြတွေ့ကြ ပျော်ပါးနိုင်ကြသည်။ ကြာကြာနဲ့ အပြင်မှာ ဆုံဖြစ်ခဲ့တာ သိပ်မရှိ ...၊

သူမ အိမ်ပြန်စောသည့် နေ့တွေဆို အားလုံးပြန်လာချိန်ကို မီအောင် စားစရာ တစ်ခုခု လုပ်ထားတတ်သည်။ အများဆုံးက လက်သုပ်စုံတစ်ခုခု ...။ ဒါပေမဲ့ သိမ့်နဒီကတော့ ရှောင်ဖယ်ဖယ် လုပ်သွားတတ်ပြီး ဘာတစ်ခုမှ မစား၊ ကြာကြာရိပ်မိတဲ့အခါ မျက်နှာမကောင်းရှာဘဲ ...။

"ငါတို့က အလုပ်လုပ်ရင် လက်အိတ်နဲ့ လုပ်ကြတာပါဟာ ... လူနာကိုရော ဆေးဝါးကိရိ ယာကိုရော လက်နဲ့ကိုင်လို့ကို မရတာ ... စိတ်မကောင်းစွာ ဖြေရှင်းတတ်ပေမဲ့ စိတ်ဆိုးပုံလည်း မပြ၊ သူမ စကား ဝင်ပြောလာတော့ မြတ်က အရှည်ကြီး တွေးမိသွားရင်း သက်ပြင်းချသည်။ ပြီးတော့ ရယ် လိုက်ပြီး ...။

"ဟုတ်ပ အဆောင်လခ သက်သာတဲ့နေရာ ရှာရင်း အဆောင်လခ သက်သာလို့ နေနေတဲ့ ရှင်လေးရှိတဲ့ဆီ တန်းတန်းမတ်မတ် ရောက်လာကြ တာပါ ..."

"ဟုတ်တယ်လေ နင်တို့ တစ်ယောက်ပြီး တစ်ယောက် တစ်ယောက်ပြီး တစ်ယောက် ..."

ပြောပြီး ရယ်နေသေးသည်။ ထိုစဉ် ကလင်သံလေး တစ်ချက်မြည်ကာ လတ်လတ်ရဲ့ ဖုန်း ဖျတ်ခနဲ လင်းလာ၏။

အားလုံး မျက်လုံးတွေ ထိုဆီကို တန်းခနဲ ...။

"ဟယ် ...ဘာတဲ့ သူအိမ်မှာရှိတယ်တဲ့ ခုလာခဲ့ကြတဲ့ ... "

"သူအိမ်မှာရှိတော့ ဘာလုပ်ရမှာလဲ ..."

မျက်စောင်းလေးရွယ်ပြီး ပြောလိုက်ပြီးမှ မြတ်ရဲ့ မျက်ခုံးလေးတွေ ပင့် တက်သွားသည်။ အားလုံးပဲ ခဏတစ်ဖြုတ် တိတ်ကျသွားကြကာ ...။

"သူ သူဆိုတာ သူ့ကို ပြောတာဟဲ့ ..."

"ဟုတ်တယ် ..."

ထိုင်သူထိုင် ထသူထနေနေရာကနေ ထိုင်နေတဲ့သူတွေ ပြိုင်တူ ထရပ်လိုက်ကြသည်။ သွားမယ်လို့ နှုတ်မှ ဖွင့်ဟဖို့ မလိုတော့ဘဲ တညီတညွတ်တည်း ...၊

"အံမယ် ...ဒါ သွားကြမလို့ပေါ့ ... "

"ဟုတ်တယ် ဒီခေတ်မှာ ခါးလောက်ရှိတဲ့ ဆံပင်အတွန့်တွေကို အမြဲဖြန့်ချပြီး အတွင်းခံ စွပ်ကျယ်နဲ့ ကုတ်အင်္ကျီနဲ့ နေတဲ့ ယောက်ျား ... "

"ပြီးတော့ သေချင်အောင် ချောတယ်ဆိုတော့ ပြေးမကြည့်ရရင် ေးခွင့်မရလို့သေမှာ"

ကြာက တစ်ယောက်စီကို လိုက်ကြည့်ပြီး ခေါင်းလေးညိတ်၍

"အေးပါဟယ် သွားကြပါ သွားကြပါ ...ပြန်လာရင် ညစာအတွက် ပြင်ထားပြီးပြီလား၊ ငါလုပ်ပေးရမှာ ဆိုလည်း ပြောခဲ့ ... "

"နင်မလိုက်ဘူးလား ..."

"ဟော့အေး ... မိုးမိထားတဲ့ အဝတ်တွေ စိုလည်း မစိုတော့ ထုတ်မလှန်းတော့ဘူး၊ မီးပူလေး တိုက်လိုက်မယ် ..."

"အယ် ...ဒါဆို ငါ့ခုတင်ခြေရင်းမှာလေ ... "

"ကြာကြာ ... ငါ့အပေါ်ထပ်အနီလေး တစ်ထည်တည်းပါ ..."

"ငါ့ဂျူတီကုတ်လေး နှစ်ထည်ရှိတယ် ...လုပ်ပါဟယ်နော် ... ကျေးဇူး"

တစ်ယောက်တစ်မျိုး တာဝန်တွေ ပေးနေကြသဖြင့် ကြာတကယ်စိတ်ပျက်တာလည်း မဟုတ်ဘဲ မျက်နှာလေးမဲ့ကာ ...၊

"အေးပါ ကျေးဇူးကပြီးမှတင်ပါ မတင်လည်းရပါတယ် ... လို့ ..."

"အေးပါလို့ … ကျေးဇူးတင်ပါတယ်လို့ ..."

"လို့’ ဆိုသည့် စကား တစ်ယောက်ယောက်ဆီက ပါလာတိုင်း ညိုညိုက တွံတေးသိန်းတန် ဟန်ပန်နှင့် အတည်ကြီး ပြန်နောက်တတ်ကာ ပြီးတော့ အားပါးတရ ရယ်၏။ ပြီးတော့ အခန်းထဲ ပြေးဝင်ကြကာ ...၊ မိတ်ကပ်တွေဖို့ကြ အလှတွေပြင်ကြ ...၊

"ဟဲ့ ပိုပိုက သူတို့အိမ်နဲ့ မျက်နှာချင်းဆိုင်မှာ အဲ့ မင်းသား နေနေတာ ဆိုတော့ အဆောင်မှာမှ ပြန်နေပါဦးမလား ..."

"ဟုတ်ပ ... "

"ငါတို့ ...ပိုပိုဆီသွားရင် တက္ကစီခ ဘယ်လောက် ပေးရမယ် ထင်လဲ ..."

"သိပ်မှမဝေးတာ အလွန်ဆုံး နှစ်ထောင့်ငါးရာ သုံးထောင် ပေ့ါ..."

"အေးဟာ ... သင်းကွဲမ မရှိတာနာတယ် သူ့ကားသာ ရှိရင် ..."

လတ်လတ်ပြောနေရင်း တစ်ခုခုကို သတိရသွားသလို ဖြစ်သွားကာ နှုတ်ခမ်းနီဆိုးနေရင်း လက်ကို ရုတ်တရက် ဖယ်လိုက်ပြီး ...၊

"သင်းကွဲ အဲဒီများ ရောက်နေတာလား ...

***

# အခန်း(၂)

*

မှန်ဘီလူးနဲ့ကြည့်လိုက်... ဖယ်ပြီးကြည့်လိုက်နှင့် နဒီ့နှုတ်ခမ်းလေးတွေ ပွင့်ဟနေခဲ့သည်။ စောစောက မြင်နေတုန်းက ချိုင်းပြတ်စွပ်ကျယ် အစိမ်းပုပ်ရောင်နှင့် ဆံပင်တွေကိုဒီတိုင်း ဖြန့်ချထားသည့်ပုံ၊ အပြင်ထွက်လာတော့ ဂျက်ကတ်အပြာရောင် ထပ်ဝတ်လိုက်သည်။ တခြား ယောက်ျားတွေလိုရှပ်တီရှပ် စပို့ရှပ်ဆိုတာတွေ မဝတ်ဘဲ ချိုင်းပြတ် စွပ်ကျယ်တွေချည်း ရောင်စုံဝတ်တဲ့ပုံ ရှိသည်။ ပြီးရင် ကုတ် ဂျာကင်အပေါ်ထပ်တစ် ခုခုကို ရင်ကွဲအတိုင်း ထပ်စွပ်လိုက်ရုံနဲ့ သူ့ စတိုင်က မြင်တဲ့လူရဲ့ အာရုံကို သိမ်းကျုံး ဆွဲငင်တာမျိုး ...၊

ဆံပင်အရှည်ကိုဖားလျားအတိုင်းထားပေမဲ့ မိန်းမဆန်သွားတာမရှိ၊ မဟာဆန်သည့် ကကြီးပုံနဖူးပြင်ကထင်နေပေမဲ့ ခေတ်နောက်ပြန်အောင် မဟာဆန်တာမျိုးလည်းမဟုတ် ...၊

ကိုယ်နဲ့နီးစပ်နေပြီမို့ မှန်ဘီဘူးကို ချိုင်းကြားညှပ်လိုက်ပြီး ဖုန်းထုတ်သည်။ ပြီးတော့ သူ့ပုံတွေကို ရိုက်ယူလိုက်၏။ ဒီအိမ်ရှင် ပိုပိုကိုယ်တိုင် ထိုသူကို မနက်ကမှ မြင်ဖူးတာဖြစ်ကာ ဓာတ်ပုံတွေ အများကြီး ရထားပြီးပါပြီ ...၊ ခုလောက်ဆို လတ်လတ်တို့ဆီလည်း ရောက်နေ လောက်ပြီထင်သည်။ သူမကတော့ ခုမှရခဲ့ပေမဲ့ တကယ့် အနီးကပ်ပုံတွေမို့ ပီတိတွေ ဖြစ်နေမိသည်။ လှမ်းရိုက်လိုက် ပြန်ကြည့်လိုက်နှင့် နောက်တစ်ခါ လှမ်းကြည့်လိုက်လျှင် ...၊

ဟင် …၊

မြင်ကွင်းထဲက ပျောက်သွားတော့ ဖုန်းကို ပြန်ရုပ်ပြီး လိုက်ရှာမိသည်။ ခုန သူ့ဘေးက လူနှစ်ယောက်နဲ့ အတူထွက်လာကြတာ အပြင်ရောက်သွားပြီလား …၊ မဟုတ်သေးပါဘူး ငါတောက်လျှောက် ကြည့်နေတာကို …၊

နဒီ ခြံရှေ့ဘက်ကို နေရာပြောင်းဖို့ လှည့်လိုက်လျှင် …၊

"အမေ့…"

သူမရှေ့မှာ မားမားကြီး ရပ်နေတာ ထိုယောကျ်ား …၊

"အဲ့ … ဟို"

သူ့ကို ဗြုန်းခနဲကြီး မြင်လိုက်ရသဖြင့် တောင်းပန်သင့်တာလည်း သတိမရ၊ ပြုံးပြဖို့ မျက်နှာချိုသွေးဖို့ပါ မေ့လေသည်။ ဘယ်လို ဆုတောင်းတွေနဲ့ ဒီလောက်တောင် ချောနေတာလဲ မဟာနဖူး ပြေပြေအောက်က မထူမပါး မျက်ခုံးအစုံ နှာတံပေါ်လွန်းပေမဲ့ အပေါ်အောက် ထူပြည့်နီမြန်း နေသည့် နှုတ်ခမ်းတို့ကြောင့် ပိုလို့တောင် ကြည့်ကောင်း နေသည်။ မေးနှစ်ခွပုံ ခပ်ရေးရေး ထင်နေသော မေးဖျားကအစ ခပ်ရိုပ်ရိုပ်ဆင်းနေသော နားသယ်စပ် ဆံစတွေထိ …၊

"ဖျက်လိုက်ပါ … "

"ဟင် … ရှင် …"

ငေးနေမိသဖြင့် နဒီ တုန်ခနဲ ဖြစ်သွားသည်။ ဩရှသည့်အသံက ကရုဏာသံဘက်ကို နည်းနည်း တိမ်းလျက် …၊

"ရှုပ်ရှုပ်ယှက်ယှက်တွေ မလုပ်ပါနဲ့ … အဲဒီ ဆယ်ပုံစလုံး ဖျက်လိုက်ပါ …"

"ဟို …"

"အခုချက်ချင်းဖျက်ပါ …"

"ဟုတ်..."

နဒီခေါင်းလေးညိတ်၍ ချက်ချင်းဖျက်ဖို့ ကြည့်လိုက်တော့ သူ ကလည်း ရပ်နေသေးသည်။ သို့သော် နဒီ့မျက်လုံးက ဖုန်းဆီမှာမရှိဘဲ သူ့ လက်ချောင်းတွေဆီ ရောက်သွားခဲ့သည်။ ဘယ်လိုဆုတောင်း ကောင်းနဲ့ လူမျိုးလဲ လက်ချောင်းရင်းတွေမှ မွေးညင်းရှည်တချို့ အစင်းသားရှိနေတာ ကို ကြည့်မိရင်း ကိုယ့်လက်တွေပါ အလိုလိုတုန်၏။ နှစ်ခါသုံးခါတွေ့မိသမျှ အဝေးကနေ ငေးမောနေခဲ့ရသည့် ယောကျ်ားက အခုကိုယ့်အရှေ့မှာ ...၊

ဒါ ကံကြမ္မာလား သူနဲ့ကိုယ် ဆုတောင်းကောင်းတွေ ရှိခဲ့ တာလား ...၊ ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခါသွားသဖြင့် မျက်လုံးတွေ မှိတ်ပစ်လိုက်ရတဲ့အထိ ...၊

"နှစ်ပုံကျန်သေးတယ် ... "

မျက်စိကလည်း လျင်လိုက်တာ အားလုံးဖျတ်ပစ်ပေးလိုက်မှ သူက တိတ်ဆိတ်စွာ ပြန်လှည့်၏။ နေဦး သူဒီဘက်ကို ဘယ်ကဝင်လာ တာလဲ ...၊

မဟုတ်ဘူး ...၊ ခြံမှမရှိတာ နှစ်ခြံခြားထားတဲ့ ပန်းရုံတွေကို ကျော်လွှန်နေ တာငါပဲ ...၊

နဒီနောက်ကျမခံနိုင်ပါ သူ့ရဲ့ ချောမောတင့်တယ်မှုတွေမှာ တဒင်္ဂမေ့မူး သွားခဲ့ပေမဲ့ ဒီလိုကိစ္စမျိုးမှာ သူမ ဘယ်တုန်းကမှ လက်တုန်ခြေတုန် ဖြစ်ခဲ့ ဖူးတာမရှိ ...၊

"ဒီမှာ ... "

နောက်က ပြေးလိုက်ပြီး လှမ်းခေါ်လိုက်လျှင် သူ့ခြေလှမ်းတုံ့သွားသည်။ ပြီးတော့ ဆက်လျှောက်သွား၏။

"အစ်ကို...ခဏ..."

သူခြေလှမ်းရပ်သွားတော့ သူမပဲ သူ့ရှေ့ကနေ ပိတ်ရပ်လိုက်ကာ ...၊

"အစ်ကိုက ဒီကိုလာတဲ့ ဧည့်သည်လား ...

သူကမဖြေ၊ အနည်းငယ် တစ်ဆစ်ချိုးပုံပေါ်သည့် မျက်ခုံးတို့ မသိမသာ ကျုံ့သွားကာ၊ မျက်ဝန်း အကြည့်က လက်ခနဲဖြစ်၏။

"နဒီက သိမ့်နဒီပါ ဒီမှာသူငယ်ချင်း ရှိတာလေ အစ်ကို့ကို ခင်လို့ရတယ် မို့လားဟင် ..."

"မရဘူး ... "

ပြောပြီး လူကို ရှောင်ထွက်သွားသည်။ နဒီရင်ထဲမှာ အောင့်သက်ကျန်ရစ်၏။ ဒီလိုချိုး သွားမယ့်ပုံစံပဲ ဆိုတာ ခံစားမိပေမဲ့ ခုလည်း သူအထာခင်းသွားတာကို ခံခဲ့ရသည့်အတိုင်း ...၊

"ရှင်နဲ့ကျွန်မ ရေစက်ရှိတယ် ... "

***

# အခန်း(၃)

*

"ဟယ် ... သူ အဲ့လိုလုပ်သွားတယ် ..."

"အင်း ..."

စုပြုံနားထောင် နေကြပြီး မျက်နှာတွေငယ်ကုန်ကြကာ တံထွေးတွေလည်း မျိုမိကြလျက်

"နင့်ကိုတောင် အဲ့လို ... "

"အေးလေ ဒီလောက်ချောမှတော့ ..."

လုံးဝမသိအောင် ရိုက်ယူထားခဲ့သည့် ပိုပို့ဆီက ပုံတွေကို ကြည့်နေကြရင်း အစကဆူညံ တက်ကြွနေကြသည့် မျက်နှာလေးတွေသည် ...၊

"ငါတို့ကလည်း အပြင်မှာ ဘယ်လိုပုံလဲ ကြည့်ချင်ရုံပါ ..."

"အေးလေ ..."

တစ်ယောက်တစ်ခွန်း ထွက်လာကြတော့ နဒီစိတ်မကောင်း ဖြစ်သွားသည်။ ပြီးတော့ရယ်ချင်၏။ သူမတို့အားလုံး တစ်မျိုးစီလှကြပေမဲ့ တစ်ယောက်မှာမှ ချစ်သူမရှိကြပေ။ ယောကျ်ားလေးချောချော မြင်လျှင်ချောင်းကြည့်ပြေးကြည့် ပြီးတော့ စကားတွေတွတ်ထိုး ငြင်းခုံကြ ပြီးရင်တော့ ရှေ့ဆက်ရဲတဲ့သူ တစ်ယောက်မှမရှိ ရိုးလည်းရိုးသားကြသလို တကယ်တမ်းကျတော့ အလုပ်ပေါ်ပဲ အာရုံထားနိုင်ကြတာပါ၊ သူမနဲ့ပိုပိုက လွဲလျှင် ပြီးတော့ ကြာကြာရယ် ကျန်တဲ့သူတွေက နယ်ကနေ အလုပ်လာ

လုပ်ကြတာ ဖြစ်သည်။

"အသာနေစမ်းပါ အဲဒီအိမ်က အန်ကယ်ကြီးက ငါနဲ့သိပါတယ် ပိုရင်းနှီးအောင် လုပ်ပြီး သူ့အကြောင်း မေးပေ့ါမယ် ..."

"မမေးပါနဲ့တော့ဟာ ..."

"နင်ကလည်း အိမ်ချင်း ကပ်နေတာတောင် ခုမှ ရင်းနှီးအောင် လုပ်ရမှာလား ... ညံ့ပ့ါ ... "

နဒီက ရှုံ့မဲ့ကဲ့ရဲ့သည်။

"အမလေး ငါ ငါးနှစ်သမီးကတည်းက အိမ်ချင်းကပ်နေလာတာလေ ဖေဖေတို့နဲ့တောင် ရင်းနှီးတာမှမဟုတ်တာ ဘာပွဲဖိတ်ဖိတ် ဘယ်တော့မှ မလာဘူး၊ စားစရာ ဘာသွားပေးပေး ငြင်းတယ်"

"ဟုတ်လား ... ဒါကတော့ တော်တော်ရိုင်းသွားပြီး ..."

"သြော် မရိုင်းအောင် ဘာလေးညာလေးနဲ့တော့ အကြောင်းပြလေး တွေတော့ ပါတာပေ့ါဟ"

ကိုယ့်မိဘတွေကလည်း မာနခပ်ကြီးကြီးတွေပါ သူတို့က အရင်ရောက်နေတဲ့ လူတွေမို့ နောက်မှရောက်လာတဲ့ သူက အိမ်နီးချင်း မိတ်ဆက်တာမျိုး ဖြစ်ကာ၊ မခေါ်မပြောချင်မှန်း သိလိုက်တာနဲ့ လှည့်ကို မကြည့်ခဲ့တာ ဖြစ်သည်။

"အဲဒီ ဦးလေးကြီးက ဘာစီးပွားရေးလုပ်တာလဲ ..."

"မြင်းနှစ်ကောင်ရှိတယ် ... "

"ဟမ် ... "

"ပန်းပွားတွေနဲ့ ကကြိုးဆင်ထားတဲ့ ရထားလုံးတစ်စီးရောပဲ ... "

"အယ် ..."

"ဘာလဲ ... ရာဇဝင်ထဲက လူတွေလား ..."

ပိုပိုကခေါင်းခါ၍ ...၊

"လူရည်တော့သန့်တယ် ဖြစ်သလို ဝတ်စားထားတာတောင် လူရှိန်တဲ့ မျက်နှာမျိုး ဒါပေမဲ့ တခြား ဘာအလုပ်မှ ရှိပုံမရဘူး ...

"ရထားတွေမြင်းတွေက လမ်းမပေါ်မှာ တစ်ခါတစ်ခါ လူတစ်ယောက် ဘယ်လောက်နဲ့ ဆွဲနေတဲ့ ... "

"ဟုတ်ပါလိမ့်မယ်အားကြီး အဲ့လိုမြင်းပိန်လေးတွေ မဟုတ်ဘူး ဆရာမ... မဟော်ဂနီ ရောင်ပြောင်နေတဲ့ မြင်းကြီးတွေ အမွေးဖွားကြီးတွေနဲ့ နောက်ဖေးမှာ မြင်းဇောင်းအကြီးကြီးနဲ့ ထားတာ တစ်နေ့တစ်နေ့ ရှိုးကေ့စ် ထဲက အရုပ်ကို သနေတဲ့အတိုင်းပဲ ..."

နားမလည်နိုင်ဖွယ်ပါ၊ ပိုပိုတို့အိမ်ကို သူမတို့ မရောက်ဖူးတဲ့သူ မရှိ၊ နဒီ လောက် မချမ်းသာပေမဲ့ ပိုပိုတို့ကလည်း ခေတဲ့လူတွေမဟုတ်ပေ၊ ထို့ပြင် ပို ပိုက မိဘလုပ်ငန်းမှာ ဝိုင်းကူနေတာမို့ အဆောင်မှာ နေချင်သည့် ဆန္ဒကို လိုက်လျောခဲ့တာဖြစ်သည်။ သူငယ်ချင်းတွေ စုံပြီဆို အိမ်မှာ နေကုန်စား သောက်ကြ စိတ်ကူးသန်တာတွေ လျှောက်လုပ်ကြ လွတ်လပ်စွာ လည်ပတ် ခွင့်ရှိတဲ့ အိမ် ဆိုရင်မမှား၊ ဒါနဲ့တောင် ဟိုဘက်အိမ်က ဘယ်လိုလူတွေဆို တာ စကားလည်း မစပ်မိ ပြောလည်း မပြောဖြစ်ခဲ့ကြ ...

"သူက သင်တန်းလာတက်တာတော့ သေချာတယ်ဟ သင်တန်းတက်ရုံပဲ လား၊ ဒီမှာ နေဖြစ်မှာလား ...

နဒီကပြောတော့ စိတ်ဝင်စားသွားကြသည်။

"ဒီလောက်တောင် အိုဗာတင်းတာ အိမ်ထောင်ရှိနေလို့လား ဟယ် ...၊ တော်ကြာ ကိုယ့်ဘက် ကလ္လန္ဒြေပျက်နေတာတွေ သိသာပြီးမှ ..."

အိမ်ထောင်ရှိတဲ့ ယောကျ်ားတွေကိုများ အထင်ကြီးလို့ မြတ်မြတ်ရယ်၊ တကယ်တမ်း တွေ့တွေ့ဆိုင်ဆိုင် ဖြစ်လာမှ ရှောင်သွားတဲ့ လူမျိုးရှိရင်တောင်မှ မိန်းကလေးက အထာပေးလိုက်ရင် ဘယ်ယောကျ်ားမှ မျက်မှောင် ကုတ်မသွားဘူး ... "

"ဟုတ်ပ ငါ့အစ်မယောကျ်ားဆို မိန်းကလေးတွေကပဲ အားနွဲ့သူပါပေ့ါနော် တစ်ခုခုဆို ကူညီချင်လိုက်တာ သွားကြီးကိုဖြီးလို့ ..."

"ငါ့အစ်ကိုရောပဲ ...

"မိုင်ဘရားသား တူး ..."

"ကဲ ကိုဆံရှည်အကြောင်းကနေ ဘယ်တွေရောက်ကုန်တာမှန်း မသိတော့ဘူး၊ နဒီ နင်က ဘယ်လိုလဲ ..."

"ဘာလဲ ...

"ရှေ့တိုးမှာလား ... ပြန်ဆုတ်မှာလား ..."

"မဆုတ်ပါဘူး၊ သူ့မျက်နှာလေးရယ် ရင်အုံပြန့်ပြန့် ဗိုက်သားရှပ်ရှပ်လေးနဲ့ ဘော်ဒီစထရက်ချာက သူ့မာနနဲ့ ထိုက်တန်တယ် ..."

"အဟမ်း ...ဟမ်း ..."

လတ်လတ်က ချောင်းထဟန့်တော့ နဒီကရယ်သည်။ တစ်ခုခု သူမ ပြိုင်တော့ဆိုင်တော့ မည်ဆို ပခုံးသာသာရှိသည့် ဆံပင်တွေထဲ လက်ထည့်ဖွနေတတ်သည့် ပုံစံလေးကို မြတ်ကကြည့်၍...၊

"ငါထင်တာမမှားဘူးဆိုရင် နင်သူ့လောက် ဆံပင်မရှည်လို့ မီးနီပြသွားတာနေမှာ ..."

"ခစ် ...ခစ် ..."

"ဒါဆို ငါတို့အားလုံး ကျောလယ်လောက် သာသာလေးတွေပဲ ..."

"အဲဒါကြောင့် စိတ်ကိုမကူးနဲ့လို့"

"ဟုတ်ပါပြီလို့ ...

ညိုက ဝင်ပြောပြီး ဟားခနဲရယ်သည်။

"ဒါဆို ...ကြာကြာရော ...

ရယ်သံတွေ တိတ်ကျသွားသည်၊ နဒီမျက်မှောင်လေး ကုတ်သွား၏။ ဒါက ရယ်စရာ ဟာသပေမဲ့ ဆံပင်တွေ တင်ပါးထိရှည်သည့် ကြာ့ကို သတိရသွားတော့ ဖျဉ်းခနဲဖြစ်သွားတာ ဘာကြောင့်မှန်း မသိ၊ ကြာက အသားညိုသည်၊ ဒါပေမဲ့ ရှည်လျားကော့နက်သည့် မျက်တောင်ရှည်တွေ ရှိသည်။ ဒါက သူမ တစ်ချိန်လုံး အားကျခဲ့ရတာမို့ ကြာ့ကို သတိရလိုက်တာနှင့် မျက်တောင်တွေကိုပဲ အရင် မြင်ယောင်သွားတာ ဖြစ်သည်။ မျက်ကွင်းအနည်းငယ် ညိုချင်သလိုရှိကာ အညိုရောင်မျက် ဝန်းတွေကြောင့် ကြည့်လို့ ပိုကောင်းသည်။ ထို့ပြင် တချို့ မိန်းကလေးတွေ တမင်လုပ်ယူကြရသည့် မျက်ရစ်တွေ သူမ မျက်ဝန်းမှာ ထင်းနေ၏။ အသားညိုသည့်အပေါ်မှာ မှေးမှိန်မကျန်ရစ်တာ မျက်ခုံးတန်းတွေပဲဖြစ် သွယ်ရှူးသည့် မျက်ခုံးတန်းတို့ကြောင့် သူမ မျက်နှာလေးမှာ ပြည့်စုံနေသည်။ ဒါပေမဲ့ လူတစ်ယောက်ရဲ့ လိုအပ်ချက်ဟာ ဝတ်စားပြင်ဆင်တတ်ဖို့ ဖြစ်သည်။ ကိုယ့်ရဲ့ပြင်ဆင်မှု အောက်မှာ အလှတရားတို့ ပျောက်ကွယ်နေတတ်သလို၊ မလှပေမဲ့ ဝတ်စား နေထိုင်တတ်မှုကြောင့် လှ သွားတာတွေ တစ်ပုံကြီး ကြာ့မှာ ဝတ်စားပြင်ဆင်ချင်ရင်တောင် ဘာဆို ဘာမှမရှိ သူမ ရှာဖွေစုဆောင်းလို့ ရသမျှဟာ မြစ်ကြီးနားမြို့တောင်ပိုင်းက သူမကို သွေးသားမတော်စပ်ဘဲ ဒီအခြေအနေထိ ရောက်တဲ့အထိ ပြုစုပျိုးထောင်ပေးခဲ့သော အမိုးခေါ် ကရင်တိုင်းရင်းသူကြီး တစ်ယောက်အတွက် ဆေးဖိုးဝါးခ ပို့ပေးနေရတာနှင့် မလောက်နိုင်တဲ့သူ ...၊

ပြီးတော့ သူမအတွက် အလုပ်ချိန်ရယ်၊ နားချိန်ရယ်ကလွဲပြီး လွတ်လပ်ပျော်ပါးမှု အတွက် အချိန်ဆိုတာ အဆင်းရဲဆုံး ...၊ ထို့ကြောင့် ကြာက သူမအတွက်တော့ ပြိုင်ဘက် တစ်ယောက် မဟုတ်ပေ။ ဒါဆို ပေ့ါပေ့ါပါးပါး ကျော်လွှားလိုက်ပါလား ... ကိုယ့်ကိုယ်ကိုယ် မကျေနပ်ဖြစ်သွားသဖြင့် နဒီ့ မျက်နှာပေါ်က အပြုံးတွေ လျော့ရဲကုန်၏။

"ဟယ် ...သင်းကွဲကြီး တကယ်လန့်သွားတာ ကြည့်စမ်း ...၊ ခစ် ခစ် ..."

"ဟုတ်လား ... ၊ အေးလေ ကြာက ရုပ်လေးကလည်းမဆိုး ဆံပင်ကြီးကလည်း ..."

"တော်စမ်းပါဟာ ငါနင်တို့ကို ပြောထားမယ်နော် ...ငါ့ကိုသင်းကွဲလို့ ထပ်မခေါ်မိစေနဲ့"

"စကားလမ်းလွှဲကုန်ပြီကြည့် ...ကြည့် ..."

"ဟုတ်တယ် ...လွှဲရဦးမယ် ..."

နဒီအပြုံးမပျက် ပြောလိုက်ရပေမဲ့၊ ကြာ့လိုအဆင့်မျိုးနဲ့ နှိုင်းယှဉ် အပြောခံလိုက်ရသဖြင့် တော်တော် တင်းသွားမိသည်။ သူမ ဒီအဆောင်မှာ လာနေခဲ့ရသည့် ပထမအချက်က တက္ကသိုလ် အတူတက်ခဲ့သည့် လက်လက်နဲ့မြတ်မြတ်တို့ ဒီမှာရှိနေလို့ ပြီးတော့ ကိုယ်ပြိုင်ဆိုင် အနိုင်ကျဲရမည့် သူ ဒီမှာမရှိလို့...၊ အဆောင်တစ်ခုလုံးမှာ ရှိသမျှ မိန်းကလေးတွေအားလုံး ဘယ်သူမှ ဘယ်နေရာမှာမှ ကိုယ့်လောက် တောက်ပြောင်တဲ့သူမရှိ ... ၊ ထိုစဉ် ကြာက ရေချိုးပြီးစ မျက်နှာမှုန်မှုန်လေးနှင့် ရောက်လာကာ ဆံပင်တွေကို ရင်ဘတ်တစ်ခြမ်းပေါ် ဆွဲယူပြီး ကျစ်ဆံမြီးကျစ်နေရင်း ...၊

"ဘာဖြစ်လို့ တိတ်နေကြတာလဲ ...၊ ငါ့မှာ နားမထောင်လိုက်ရမှာ စိုးလို့ သနပ်ခါးလေး ပွတ်ချင်တာတောင် မပွတ်ခဲ့ရဘူး ..."

ကြာတစ်ခါတလေ သနပ်ခါးလေး ကောက်လိမ်းချင်လာရင် ရေကျဲလေး ပွတ်တတ်ပေမဲ့ အမြဲတမ်းတော့ မဟုတ်ပါ။ အပြင်မှာ သူငယ်ချင်းတွေ စုနေမိကြတာ သိလိုက်တည်းက အဝတ်မြန်မြန်လျှော် ရေမြန်မြန်ချိုးပြီး အဝတ်အစားတောင် ရွေးမနေနိုင် ထို့ကြောင့် အစောကြီး ရှိသေးတာကို ညဝတ်အင်္ကျီကြီးနဲ့ ထွက်လာဖြစ်ခဲ့လျက် ...

"ငါ့ကိုလည်း ပြောပြပါဦး ဘယ်လိုလူလဲ ...နာမည်က ဘာတဲ့လဲ ..."

"ကြာကြာ နင် ငါ့ပဝါလေးနှစ်ထည် ယူလျှော်လိုက်သေးလား ..."

နဒီ ကောက်မေးလိုက်တာ တခြား၊ ကြာက ခေါင်းညိတ်၍ ...၊

"လျှော်ပြီးပြီလေ ..."

"အိုခေ ... အိုခေ ...ငါနင့်အတွက် ခေါင်းစည်းကွင်းလေးတွေ ဝယ်ပေးမယ် ..."

ပြောပုံကြောင့် အားလုံးမျက်နှာတွေ ပျက်ကုန်ကြသည်၊ မသိရင် ကြာက ခဝါသည်လိုလို တကယ်ဆို အားလုံးထဲမှာ ကြာက အလုပ်ပိုရှုပ်တဲ့သူပါ ဒါပေမဲ့ သူမက အလုပ်လုပ်တာ မြန်သည်။ အဝတ်လျှော်တာ မီးဖိုချောင်ဝင်တာကအစ သူမရှိနေသည့် ဘယ်နေရာမှာဖြစ်ဖြစ် ...၊ သူ့အလုပ်ကိုယ့်အလုပ် ခွဲခြားသွားတာမျိုးမရှိ ... ၊ ဒါလေး လုပ်သွားပေးပါဦး ဆိုလည်းရသည်။

ဒါလေးဝယ်ခဲ့ပေးပါဆိုလည်းပေ့ါပါးသည့်အရာ ဟုတ်ဟုတ်မဟုတ်ဟုတ် ဘယ်လောက် အဝေးကဖြစ်ဖြစ် ...သူမ မငြင်း၊ ထို့ကြောင့် မသိတဲ့လူက ကြည့်လျှင် သူမက အဆောင်သူနဲ့မတူဘဲ သူများရဲ့ခိုင်းဖက်လိုလို ...၊

'လုပ်မနေပါနဲ့ နဒီရယ်၊ ငါ့သူငယ်ချင်းတွေကို ချစ်လို့ စေတနာနဲ့ လုပ်ပေးနေတာပါ၊ ဘာမှမလိုဘူး ခုနက ပြောနေကြတာလေးတွေပဲ ပြန်ပြောရင်ရ

ပြီ ...အပျှင်း လူကသာသေးတာ ဇမသေးဘူး ... အဲဒါမျိုးဆို သိပ်သိချင်တာ ..."

"ရှိသေးတယ် ကြာကြာရဲ့ အဲဒါကြောင့်ပြောတာ ငါအိမ်မှာ ပုံထားခဲ့ရင် မာမီဆူလွန်းလို့ အထုပ်လိုက် သယ်ချလာတာ ..."

ကြာ မျက်နှာလေး ပျက်သွားသည်၊ အားလုံးပဲ စိတ်မကောင်း ဖြစ်သွားကြတာ အမှန်ပင် ကြာကပဲ ဒီအကြောင်းတွေ ဝင်ရောက်ပြောဆိုခွင့် မရှိတဲ့လူလိုလို၊ သိစရာမလိုသလိုလို ...၊

"ကြာ့ ..."

"ဟင် ..."

"အထုပ်ဆို ပေမဲ့ ... ၊ လေးငါးထည်ပါပဲ လျှော်ပေးနော် ငါ့အင်္ကျီတွေကို နင်ပဲလျှော်တတ်တာ ပင်မင်းပေးလိုက်လို့ ပျက်စီးသွားရင် အစားပြန်မရနိုင်တဲ့ ဒီဇိုင်းလေးတွေမို့လို့..."

ပြောပြီးတာနဲ့ မြတ်တို့ဘက်ကို လှည့်၍ ...၊

"ဟဲ့ ... ဒီမှာ သူနဲ့အရင်ဆုံး နီးစပ်လာခဲ့တာငါ သူ့နာမည် သူ့အကြောင်းကို သိရအောင် ကြိုးစားမှာလည်း ငါပဲ အဲဒီတော့ မပြီးခင် အဖြေမပေးနဲ့ ပြီးတာနဲ့ နင်တို့ကိုပြောပြမယ် ...မိတ်ဆက် ပေးမယ် အိုခေ"

အိုခေ ပြောတိုင်း လက်ညှိုးနဲ့လက်မ ကွေးပြတတ်သည့် အကျင့်က ဒီနေ့ အို ခေလိုက်သည့် လက်ကွေးကိုတော့ မြတ်တို့အားလုံး ကြည့်ရဆိုးသလိုကြီး ခံစားမိလိုက်ကာ ... ၊ နဒီ ချက်ချင်းကြီး ဘယ်လိုတွေ ပြောင်းလဲသွားတာလဲ ဆိုတာကို အံ့ဩနေမိကြကသည်။ ထို့ပြင် ကြာ့ကိုတော့ ဒီလူကို မေးလောက်တဲ့ အဆင့်မျိုးတောင် မဟုတ်သလိုလို ဟိုကမေးနေတဲ့ အဖြေကို ဒီဘက်လှည့် ပြောသည်။ ကိုယ်တွေကိုကျတော့ သူမိတ်ဆက်ပေးမှပဲ သိခွင့်ရ

မယှ်သူတွေ အတိုင်း နင်တို့ တစ်ယောက်မှ ရှေ့ဆက်မတိုးနဲ့လို့ စည်းတား လိုက်သလိုမျိုး ...

ဘာဖြစ်လို့လဲ မိန်းကလေးလှလှမြင်ရင် ယောကျ်ားလေးတွေ သဘောကျ သလို ယောကျ်ားလေး ချောချောမြင်လို့ သဘောကျမိတာ ဘယ်သူ့ဆီမှာ လျှောက်လွှာ တင်ရဦးမှာလဲ ...၊ သူမ အပြင်ထွက်သွားတာနှင့် မြတ်က သက်ပြင်းရှည်ကြီးချကာ ...၊

"ပိုပိုရေ ဘာမှ မပြောတော့ဘူးလား ..."

"အေးဟယ် ... သူ့အိမ်ဘေးမှာရှိနေတဲ့ လူကို သင်းကွဲမကို အရင်ခေါ်ပြ တယ် ငါတို့ကျတော့ ..."

"အဲ့လို မဟုတ်ပါဘူးဟာ သူ့ကို သူပဲ အရင်တွေ့ခဲ့တာ အဲ့တစ်ယောက် နောက်ကို လိုက် ကြည့်ရင်းနဲ့မှ ငါတို့အိမ်ဘေးမှာ နေမှန်းသိပြီး ငါက သူ ပြောမှသိတာ ..."

အားလုံး အံ့ဩရပါ၏။ ဘာမှမကြားရသေးသည့် ကြာက ပိုပြီး တအံ့တဩ ဖြစ်လျက် ...၊

"သူတို့ဆုံကြပုံကလည်း ဆန်းဆန်းပဲ ...ဒါကြောင့် သူ့အပိုင်လိုမျိုး ပြောနေ တာ ဖြစ်မယ်"

ဓာတ်ပုံသွားရိုက်တာ ပက်ပင်းတိုးမိသည့် ကိစ္စကိုပါ ပိုပိုက ပြောပြလိုက် လျှင် ကြာက မျက်တောင် တဖျတ်ဖျတ် ခေါင်းတညိတ်ညိတ်နှင့် ...၊

"ဆုံကြရုံတင်ကမလား ... "

"အင်း ... ဒါကလည်း မြင်မြင်ချင်း ဘုနဲ့ဘောက်ပေမဲ့ ..."

"တော်ပါကြာကြာရယ် ...နင့်ကို ပညာပေးသွားတာတောင် ရင်ထဲ နည်း နည်းမှ မရောက်ဘူးလား ..."

"ဟုတ်တယ် ... သူလုပ်ပုံက ပစ္စည်းတစ်ခု ကောက်ရလို့ သူရတာ သူ ပိုင်တယ် ဖြစ်နေတာမျိုး၊ ငါတို့ကလည်း အပျော်သဘောနဲ့ ပြောနေကြတာပါဟယ် ..."

"သူ့ဟာသူ မြင်တာနဲ ရူးသွပ်သွားအောင် ချောပါစေ ... အမြီးကဆွဲ ခေါင်းကဆွဲ အငမ်း မရ လုယူရလောက် အောင်တော့ ဣန္ဒြေမမဲ့သေးဘူး ..."

"ဟုတ်တယ် ငါတို့က မိန်းမချင်းတွေ ကျိတ်ပြီး ထင်သလိုပြောကြနေကြနဲ့ ပျော်စရာလုပ်နေကြတာ၊ အတည်ဖြစ်နေတာကသူပဲ ..."

ကြာ့ကို ဆက်ဆံသွားပုံကနေ နဒီ့အတွင်းသဘောကို သိလာကြတော့ အားလုံးရင်ထဲက မိန်းမဆိုသည့် မာနတွေ ပေါ်လာကြသည်။ ဒီကြားထဲ ကြာဆိုတဲ့ ကြာကတစ်မျိုး ...၊

"အင်း ကိုယ်က သူ့လောက်မလှတော့လည်း ကျန်ခဲ့ရမှာပေါ့ဟယ် ... ၊ တကယ်ဆို တစ် ကောင်ကြွက် အထီးကျန်ဘဝနဲ့ ရန်းကန်လာခဲ့ရတာ စိတ်ပျက်လွန်းလို့ ယောကျာ်းလေး တစ်ယောက်လောက်တော့ လိုချင်သား ..."

"အဲ့ဆို သွားလုလေ ...သင်းကွဲမနဲ့ ..."

"ခစ် ... ခစ် ...

ကြာက ပခုံးလေးကျုံ့ရယ်ရင်း ခေါင်းခါလျက် ...

"နေပါစေတော့ သူ့လိုလည်း ပိုးချိန်ပန်းချိန်မရှိပါဘူး၊ ဒီမှာ တစ်ယောက်တည်းတောင် မတ်တတ် အိပ်နေရတာ ..."

ကြာပြောနေတာကို မြတ်တို့က ဝိုင်းကြည့်နေကြသည်။ သူမ သည်းညည်းခံစိတ် ရှိတာကတော့ တကယ်ချီးမွမ်းစရာပါ ...၊ ဘယ်သူ့ဆီက ဘာရမှ ငါ့ကျတော့ ဒါလေးတောင် မသိတတ်ကြဘူး စသည့် မျှော်ကိုးသည့်

စိတ်မျိုးလည်း မထား၊ သူများအပေါ် စီးတောင်စီးနည်း လည်းမရှိ၊ တစ်ခါတလေ သူမဆီက စားစရာကို ရှုသလိုရှာသလို နဒီပြော တတ်တာတွေ ရှိခဲ့တာတောင်မှ မျက်နှာလေး ပျက်သွားရင် ခဏ ...

"ပိုပို ..."

"ဟင် ..."

သူငယ်ချင်းရင်းတွေဖြစ်သည့် လက်လက်နဲ့မြတ်မြတ်တို့တောင် ဒေါသစိတ်လေးတွေ ဖြစ်နေခဲ့ကြကာ ...၊

"သူက တမင်လာကြည့်မှမြင်တာ ... နင်က ဘေးမှာ ကပ်နေပြီးတော့ ဘာမှအစွမ်းအစ မရှိသလို နေရသလား ..."

"အေးလေ ကိုယ်လည်း လှတာပဲဟာ ..."

"မလှပါဘူး လတ်လတ်ရယ်၊ ငါက ချောတာလေး မြင်လိုက်ရင် လက်ကျဲကြီးနဲ့ ကာကြည့်ချင်တာ အဲ့လို ရင်ဆိုင်ပါလားဆို သတ္တိ မရှိဘူး ပြီးတော့ အဲ့တစ်ယောက်က ချောလိုက်တာမှ သူ့ ရှေ့ရောက်ရင် ငါစကားတောင် ပြောနိုင်မှာ မဟုတ်ဘူး၊ နဒီ့လို သတ္တိမျိုးရှိဖို့ဆိုတာ အဝေးကြီးပဲ.."

ပြောသာပြောနေရပေမဲ့ ဘယ်လောက်ချောသလဲ ဘယ်လိုပုံလဲဆိုတာ ပိုပိုနဲ့နဒီက လွဲပြီး ဘယ်သူမှ မမြင်ဘူးကြပေ။ ပိုပိုက ဓာတ်ပုံရိုက်ထားသော်လည်း နောက်နေ့ မကူးခင်မှာပဲ အဒေါ်ဖြစ်သူက ဖုန်းမသုံးတတ်ဘဲ ယူကိုင်သဖြင့် ဘာတွေဘယ်လို လုပ်လိုက်မှန်းမသိဘဲ ဓာတ်ပုံတွေ ပျောက်ကုန်သည်။ အုပ်စုလိုက် သွားကြည့်တုန်းကလည်း မတွေ့ခဲ့ရ...၊ အုပ်စုလိုက်ကြီး ဖြစ်နေတော့ သူများအိမ်မှာ ကြာကြာနေပြီး စောင့်ကြည့်နေရမှာလည်း အားနာ ခြံထဲဆင်းမှ သေချာမြင်ရမှာကြီး ကလည်း အဆင်မပြေသဖြင့် ပြန်ခဲ့ကြရသည်။

"မဟုတ်ဘူးသိလား ...နင်တို့စဉ်းစားကြည့်၊ နဒီက သူနဲ့ပဲ ခဏခဏဆုံနေလို့ သူ့ပစ္စည်းလို လုပ်တာမျိုး မဟုတ်ဘူး ... ငါတို့ကိုပဲ သူ့မျက်လုံးထဲ မမြင်တာ ဘယ်လိုပြောရမလဲ သူနဲ့မယှဉ်သာတဲ့ လူတွေလိုမျိုးဟာ၊ ငါတို့က စကားထဲတောင် ထည့်မပြောရတော့ဘူးလားလို့ ..."

"ဟုတ်ပါတယ်လို့ ..."

"ညိုညိုနော် ... ငါတကယ်ထုမှာ ..."

မြတ်က စားပွဲခုံပေါ်က ပန်းခြင်းလေးကို ကောက်ကိုင်တော့မလို လက်ပြင်ပြီး မျက်စောင်းလည်း ထိုး၏။ ဒေါသက စကားပြောနေရင်းနဲ့မှ တရိပ်ရိပ်တက်လာတာ ဖြစ်သည်။ တခြားလူတွေ အပေါ်ဘယ်လို ဆက်ဆံတာတွေထားပါဦး ကိုယ်နဲ့ လတ်လတ်ဆိုရင် သူနဲ့အတန်းတူ အကြောင်းသိ ဓာတ်သိချင်း ...၊

သူမရဲ့မိသားစုတွေမှာ ဘယ်လိုပြဿနာရှိတာ မိဘတွေက ဘယ်လိုဆိုတာ ကအစ သိထားပြီးသား၊ သူငယ်ချင်းတိုင်း ရင်းနှီးကြသလို အရင်းနှီးဆုံးလူဆိုတာ ရှိတာပဲ မဟုတ်ဘူးလား၊ လတ်လတ်နဲ့ ကိုယ်က သူမနဲ့ အရင်းနှီးဆုံး ပြီးတော့ ကိုယ်တွေကြောင့်ပဲ သူမ အဆောင် မှာလိုက်နေခဲ့တာ၊ ဒါပေမဲ့ လတ်လတ်ကတော့ ပြောခဲ့ဖူးပါသည်။

"တစ်ခါတစ်ခါ သူ့စကားထဲမှာ ပါလာတာ နင်ကြည့်ပါလား မြတ်ရယ်၊ သူက သူ့ထက်သာတဲ့သူ မပေါင်းပါဘူးတဲ့ဆို ... တချို့လူတွေက ထူးဆန်းတယ် ပြိုင်ဘက်ကို သဘောကျတဲ့သူ အနူတောမှာ လူချော ဖြစ်ရတာကို သဘောကျတဲ့သူ အမျိုးမျိုးပဲ ... သူက မော့ကြည့် ရတာကို မကြိုက်တဲ့လူမျိုး အထက်စီးကနေ ငုံ့ကြည့်ချင်တာ ငါတို့က သူ့လို မချမ်းသာပေမဲ့ ကိုယ့်အသိုင်းအဝိုင်းနဲ့ ကိုယ်တော့ တောင့်တင်းကြတာပဲလေ ... ပြီးတော့ ရာထူးရာခံနဲ့ တင့်တင့်တယ်တယ် နေနိုင်တယ် သူငါတို့ကို ရွေးချယ်တာ အဲဒီထက်

မပိုပါဘူးဟာ ရင်နဲ့ သိပ်နှစ်ပြီး မခင်နဲ့ နဒီက ငါတို့လို မဟုတ်ဘူး" တဲ့

တွေးနေရင်း လတ်လတ်ကို ကြည့်လိုက်တော့ ဒါအမှန်ပဲလို့ ပြောနေတဲ့ အတိုင်း ...။

အမျိုးမျိုးသော ခင်မင်ခြင်းတို့တွင် အနိစ္စမကင်းသော ခင်မင်ခြင်း သည်ကား ...။

***

# အခန်း(၄)

*

အပေါ်ထပ်ရင်ကွဲ အတွင်းခံ စွပ်ကျယ်စတိုင်နှင့် သူ့ပုံစံမဆန်းပေမဲ့ ကကြီး ပုံနဖူးကနေ ခါးထိရှည်သော ဆံပင်တွေကို ဒီတိုင်းဖြန့်ချထားသည့် အသွင် က ယောက်ျားလေးချင်းတောင် လက်တို့ ကြည့်ကြသည့်အဖြစ် ...

"ဘာလဲဟ အနာဂတ်ကို ကြိုရောက်လာတာလား ..."

"အဲ့လိုခေတ်မျိုးက အချိန်စက်ဝန်း ရှိစရာလားကွ ..."

"ရုပ်ကိုလည်း ကြည့်ဦး ..."

"သူလို ကိုယ်လိုပါပဲ ..."

ယောက်ျားချင်း အထင်မကြီးချင်သည့် အတွင်းစိတ်လေးတွေ ဖလှယ်ပြီး ပြုံးစိစိ ဖြစ်နေကြတုန်း နောက်ကနေ သေချာကြားလိုက်သည့် နဒီက ပြုံးကာ ...။

"ယောက်ျားတွေ မနာလိုဖြစ်တာကမှ ကြမ်းပိုးကို လိပ်ဖြစ်အောင် ပြော တာနော် ...၊ မျက်လုံးကြီး ပြူးပြီး ကန်းနေတာဖြစ်မယ် ..."

ဟမ် ...၊

လှည့်ကြည့်လိုက်တော့ ကောင်မလေးနှစ်ယောက် သူမတို့က နဒီရယ် လတ်လတ်ရယ်ပါ၊ ယောကျ်ားလေးတွေရဲ့ မကျေမနပ် မကြည့်တွေ ရောက်လာပေမဲ့ နဒီက ဆံပင်တွေ ခါထုတ်လိုက်ပြီး ခပ်တည်တည် လတ်လတ်က ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပြီ ဖြစ်သည့် ထိုယောကျ်ားကို ငေးလို့ ကောင်းတုန်း ...၊ တခြားသူတွေ အားလုံး လှည့်ကြည့်နေကြတာ မြင်တော့ ...၊ ကိုယ်ပဲ ဆန်းနေတာ မဟုတ်ဘူး ဆိုသည့် အမှန်တရားနှင့်၊ ထပ်ပြီး ရဲရဲ ကြည့်နေမိသည်။

"ဟွန့် တမင်အမြင်ကတ်လို့ ပြောပစ်လိုက်တာ၊ ဒီမျက်နှာလေးကိုများ သူ လိုကိုယ်လိုပဲတဲ့ ..."

ပြောပြီး ဟိုစားပွဲနဲ့ မျက်နှာချင်းဆိုင် နေရာယူပြီး စောင့်ခနဲထိုင်သည်။

ပြီးတော့ လတ်လတ်ကို ဖြန်းခနဲ ရိုက်ပစ်ပြီး ...၊

"ငါကတော့ သူများ နားမလည်နိုင် ဖြစ်သွားသလားလို့ ရှင်းပြလိုက်ရတာ သူကတော့

"ဟင်...ဘာဖြစ်လို့လဲ ..."

"ဘာမှမဟုတ်တော့ဘူး အဲ့မှာ ဆက်ကြည့် ... "

"အေးပါ...တော်တော်ကို ချောတာနော် ..."

ကြည့်နေတုန်း တစ်ယောက်က ဖုန်းလာလို့လား ဘာလား သူ့ကို ဖုန်း လှမ်းပေးသည်။ သူက ယူသည်။ ပြီးတော့ ဖုန်းပြန်ပေးပြီး ပတ်စ်ဝေ့ဖြေ ခိုင်းတာလား တစ်ခုခု ဖွင့်ခိုင်းတာလား ...၊

ပြီးတော့ သူ့လက်ထဲ ဖုန်းပြန်ရောက်ပြီး နားမှာ ကပ်လိုက်သည်။

ပြီးတော့ ဖုန်းကို မျက်မှောင်ကုတ်နဲ့ ပြန်ကြည့်၏။ နောက်တော့ လှမ်း

ပေးလိုက်ပြန်သည်။

ဘာလဲ ဖုန်းကိုပဲ မကိုင်တတ်တာလား ...အဓိပ္ပာယ်မရှိ ...။

ပြီးတော့ ...၊ ပြီးတော့ ....

"ဟဲ့ ...နဒီ ....ဒီ ..."

"ဘာလဲ ငါထိုင်နေပါတယ် ...ဘာဖြစ်လို့လဲ ..."

လက်ကသာ ကုတ်ခြစ်ခေါ်နေပေမဲ့ လတ်ရဲ့မျက်လုံးတွေက ထိုစားပွဲဆီက မခွာ ...။

"ဟိုတစ်ယောက် ဖုန်းမကိုင်တတ်ဘူး ထင်တယ် ငါပဲ မျက်စိမှားနေတာလား ..."

"အင်း ... ငါလည်းမြင်တယ် ...ဒါပေမဲ့ ငါက သူ့နဖူးလေးကိုပဲ ငေးနေတော့ ..."

"နဒီ အဟုတ်ပဲဟ ဟိုမှာကြည့် တခြားသူ ပြနေတာကို သူသေချာ လိုက်ကြည့်နေတာ"

ဟိုကို လှမ်းကြည့်လိုက်ကြပြီး နဒီနဲ့ လတ်လတ် မျက်လုံးချင်း ဆုံသွားသည်။ ဒါက ဘာကြီးလဲလို့ စိတ်မှာ ပြိုင်တူဖြစ်သွားခဲ့ပြီး ...၊

"တကယ်ပဲ အချိန်စက်ဝန်းနဲ့ ရောက်လာတာများလား ..."

ကိုယ်တွေမြင်သလို တခြားလူတွေရော မြင်ကြသလားလို့ လိုက်အကဲခတ်ကြည့်တော့၊ အားလုံးက သူ့မျက်နှာနဲ့ သူ့ပုံစံပေါ်မှာပဲ အာရုံစိုက်နေကြပြီး သူဘာလုပ်နေသလဲ ဆိုတာကို သတိထားမိကြ ပုံမပေါ် ...။

"ထူးဆန်းမနေဘူးလား ..."

'အေး..."

လတ်လတ်ပြောမှ နဒီကလည်းသတိရကာ ...၊

"ဘယ်သွားသွား လိုင်းကားတိုးစီးတာနော် ..."

"ဟုတ်လား ..."

"သေချာတာပေါ့ ..."

နှစ်ယောက်သား ခေါင်းအတူတူ ညိတ်လိုက်ကြပြီး ...၊

"ဘယ်သစ်ခေါင်းထဲကနေများ ထွက်လာတာလဲ ..."

"သေချာတယ် ... အညတြရလုလင်ပျိုလေးပဲ ..."

"အဲ့လိုဆိုတော့ ပိုကောင်းတာပေါ့ ကိုယ်အရိပ်ကိုပဲ ခိုမယ် ...၊ ကိုယ်ဦးဆောင်တဲ့ နောက်ကို လိုက်မယ်၊ ဘယ်မိန်းမမှ မျက်မွေး ထော် မကြည့်နဲ့ ဆိုပြီးပြီ ....

နှစ်ယောက်သား ပြောပြီးရယ်မိကြသည်။

"ဘာပဲဖြစ်ဖြစ် ငါကတော့ အဲဒီမျက်နှာလေးကိုပဲ တစ်နေကုန် ထိုင်ကြည့်ပြီး ရေသောက် နေရမယ် ဆိုရင်တောင် နေနိုင်တယ် ..."

နဒီက မေးလေးထောက်ပြီး တကယ်ကို မျက်လုံး မလွှဲဘဲ ကြည့်နေသည်။ သူမအစား လတ် လတ် ကိုယ့်မျက်နှာကို ဘယ်သွားထားရမှန်းတောင် မသိ၊ ထိုင်ကြည့်နေချင်အောင် ချောတာမှန်ပေမဲ့ မကြည့်ရဲ။ ထိုသူကလည်း တစ်ဆိုင်လုံးမှာ သူတို့စားပွဲတစ်လုံးတည်း ရှိနေသည့်နှယ် ဘယ်ကိုမှမကြည့် ...၊

"နဒီ သူ့ဘေးက လူက သူနေတဲ့ အိမ်ကလား ..."

"မသိဘူး…ငါ သူက လွှဲပြီး ဘယ်သူ့ကိုမှ စိတ်မဝင်စားဘူး ..."

ရင်ထဲမှာ နွေးနေသည်။ ကြည့်နေရင်းနဲ့ ရင်ခုန်သည် ... ၊ သူ့မှာ ဘာမှ ရှိမနေတာကပဲ ကိုယ့်အတွက် မျှော်လင့်ချက်တွေ ဖြစ်လာသလိုမျိုး ... ၊

"သူတို့ ပြန်တော့မယ် ..."

တစ်ဆိုင်လုံးမှာ ရှိသမျှလူတွေ သူ့ခြေလှမ်းတိုင်းကို ငေးနေကြသည့် အချိန်တွင် သူနဲ့ ပတ်သက်မှုရှိနေသည့် မိန်းကလေး ဖြစ်ခွင့်ရဖို့ နဒီက ခြေလှမ်းသွက်နေသည်။ လတ်လတ် သူမ နောက်က လိုက်သွားရမလား ထိုင်ကျန်ခဲ့ရမလား ဘာလုပ်ရမှန်းမသိ ပြီးမှ ကမန်းကတန်း ထလိုက်သွားမိသည် ...၊

သူ့နောက်ကို ကပ်မိသည်နှင့် ရှေ့ကနေ ခြေလှမ်းရပ်ပစ်လိုက်သဖြင့် နဒီ သူ့ကျောပြင်နဲ့ မျက်နှာ မိတ်ဆက်သွားသည်။ သူမ ပုံပျက်ပန်းပျက် ကိုယ်ရှိန်သတ်လိုက်နိုင်သည့် အချိန်မှာ သူက မျက်နှာချင်းဆိုင် ပြန်လှည့် ရပ်လိုက်ပြီး ...၊

"ဘာအတွက်လဲ ..."

"ယူက ရပ်ပစ်လိုက်တာလေ ..."

အားယူပြောရင်း သူ့အသံ သူ့အကြည့်အောက်မှာ နဒီ မျောသွားသည်။ လတ်လတ် အနားရောက်လာပေမဲ့ ထိုသူ့မျက်နှာကို တစ်ချက်ပဲ ကြည့်မိကာ ဖျတ်ခနဲ ငုံ့ပစ်ရင်း ...၊

"သွားရအောင် နဒီ ..."

နောက်ကျောကို လက်တို့ ခေါ်ပေမဲ့ နဒီက မရ၊ သူ့အကြည့်က သူခိုးဖမ်းသည့် နေရာမှာ တစ်ခါတည်း ဒူးထောက်သွားအောင် ထွင်းဖောက်နိုင်စွမ်း ရှိသော်ငြား နောက်မဆုတ် နိုင်တော့သည့် ဆုံးဖြတ်ချက်နှင့် အတူ ...၊

"မင်းကို ငါမေးတာပဲဖြေ ငါ့နောက် ဘာလိုက်လုပ်တာလဲ ..."

"ဟို ..."

"မဟုတ်ဘူးလို့မပြောနဲ့ မင်းလျှောက်လိုက်နေတာ ..."

နဒီ အေးစက်နေသည့် ကိုယ့်လက်တွေကို ဖိဆုပ်ချေရင်း ...၊

"ဟင့် အင်း ... အဲ့လို ထင်စရာ ဖြစ်သွားတာပါ ... ဒါပေမဲ့ အခုက မေးစရာရှိလို့ လိုက်လာတာ"

ဆိုင်ထဲကလူတွေ ဆိုင်အပြင်ထိ မျက်လုံးတွေ တစိုက်မတ်မတ် ပါလာတာကြောင့် နဒီ ကျေနပ်နေသည်။ သူ့ရှေ့မှာ ရပ်နေရတာလည်း ရင်တွေခုန်နေကာ သူမပါးပြင်လေးတွေ နီမြန်းလျက် ...၊

"ဟိုလေ ခုန ဖုန်းတစ်လုံးတည်း အတူတူသုံးနေကြတော့ ဖုန်းဝယ်ဖို့များ ထွက်လာကြ တာလားလို့ နဒီ့အသိ ဖုန်းဆိုင်ရှိတယ် ခေါ်သွားပေးမယ်လေ ကားလည်း အဆင်သင့်ပဲ ..."

ပြောပြီး ခဏနားကာ အကဲခတ်တော့ သူ့ဘေးကလူက သူ့ကို မော့ကြည့်သည်၊ သူကတော့ ကိုယ့်ကိုပဲ ကြည့်နေသဖြင့် အားတက်သွားမိကာ ...၊

"နဒီက အိမ်နီးချင်းတွေ ကူညီတဲ့သဘောပါ ... "

"ဘယ်သူနဲ့ အိမ်နီးချင်းတာလဲ ... "

နောက်ထပ် တရားခံဖမ်းတော့ သူမ ဆွံ့အသွားပြန်သည်၊ လူကို စိုက်ကြည့်နေသည့် သူ့ မျက်ခုံးတွေ အနည်းငယ် တွန့်ချိုးသွားခဲ့ပြီး ...၊

"အပင်ပန်းခံမနေနဲ့ မင်းက ငါလိုအပ်တဲ့ပုံစံ မဟုတ်ဘူး..."

ပြောပြီးတာနှင့် ချာခနဲ လှည့်ထွက်သွားသည်၊ နဒီက ငိုင်နေခဲ့ပြီးမှ ဆက်လိုက်ဖို့ပြင်၏။ လတ်လတ်က နောက်ကနေ သူမလက်ကို ဆွဲထားရင်း ...၊

"တော်ပါတော့ဟာ ဒီလောက် အိုဗာတင်းနေတာကို ..."

တင်းမှာပေါ့ သူ့ရဲ့ တင့်တယ်ထည်ဝါတဲ့ ချောမွေ့မှုနဲ့ယှဉ်ရင် ကိုယ်က လမင်းဘေးက ကြယ်ပွင့်လေးပဲ ဒါပေမဲ့ ကိုယ်နဲ့ ရေစက်ရှိနေလို့ ခဏခဏဆုံနေတာက ကံကြမ္မာ အချက်ပြနေတာ မဟုတ်ဘူးလား၊ သူမ လက်လွှတ်

မခံနိုင်ပါ ...၊

"အစတည်းက အိုခေနေရင် ပျင်းစရာကြီး လတ်လတ်ရယ် နင်ဒီမှာပဲ စောင့် ..."

သို့သော် သူမခြေလှမ်း စရုံရှိသေးသည် ရှေ့မှာ ဘွားခနဲပေါ် သလိုရပ်နေတာက သူ့ရဲ့ ဘေးကလူ၊ အသက်က လေးဆယ်လောက် အသားညိုညို မျက်နှာက လေးထောင့်ဆန်ကာ အပြုံး အရယ်နည်းသည့် မျက်နှာမျိုးမှန်း အကဲခတ်ရလွယ်အောင် တည်တည်ကြီး ဖြစ်နေခဲ့ပြီး ...၊

"တချို့အလှအပတွေမှာ အဆိပ်ရှိတတ်တယ် မရှုးသွပ်ချင်ပါနဲ့ သူ မင်းကို ဒီထက်ပိုပြီး တုံ့ပြန်မှာ မဟုတ်ဘူး ..."

ထိုသူကလည်း ပြောပြီး လှည့်ထွက်သွားသည်။ ဘာတွေလဲ ပစ္စုပ္ပန် အခြေအနေနဲ့ မအပ်စပ်သည့် စကားတွေကို ဆိုပြီး လူတွေကို မတူတန် သလိုပါလား၊ ရှုးတော့ ဘာဖြစ်လဲ ရှုးလောက် အောင်ချောလို့ရှုးတာ ...၊

"ဒီမှာ ... "

နဒီ ထိုသူကို နောက်ကနေ လှမ်းခေါ်ပြီး အပြေးတစ်ပိုင်း လျှောက်သွားကာ ...၊

"သူ့နာမည် ပြောခဲ့ပါလား ..."

ထိုသူ မျက်မှောင်ကုတ်သွားသည် မပြောချင်သလို နှုတ်ခမ်း တစ်ချက်ပြင်ပြီး ပြန်ပိတ်၏။ ပြီးမှ ...၊

"နိမိတ်စိမ်း ..."

နဒီ နှုတ်ခမ်းလေး ပွင့်ဟ ကျန်ခဲ့၏။

ရွှဲ့ပြောသွားတာလား ...တကယ်လား ...၊

***

## အခန်း(၅)

*

ရှမ်းဘောင်းဘီပွပွကြီးနှင့် ရှပ်အင်္ကျီကော်ဖီရောင် အထူကို ဝတ်ထားသည်။ ဆံပင်က ပခုံးအောက်ထိ ရှည်ပေမဲ့ မဖြီးသင်ဘဲ စုစည်းထားသဖြင့် အဖျားတွေ စုလုံးနေ၏။ အသက်အားဖြင့် လေးဆယ်ကျော် ငါးဆယ်တွင်းရှိ ဦးစိုင်းမော့သည် နိမိတ်စိမ်းနဲ့ ကျားလေးရှေ့ ခပ်လှမ်းလှမ်းမှာ မားမားကြီး ရပ်နေ၏။ သို့သော် ကျောခိုင်းထားလျက် ရှိကာ ...၊

"သူ့ကို မင်း မဝေဖန်နဲ့ နိမိတ် ပြောတဲ့အတိုင်း လုပ်လိုက် ပြီးသွားရင် ပြီးပြီမှတ် ဒီအရိပ်မှာ မင်းတို့ခိုတွယ်လာခဲ့တာ အဒါက မင်းဘက်က ဘာမှ မေးခွန်းထုတ်ခွင့်မရှိဘူး ဆိုတဲ့ အဖြေပဲ"

နိမိတ်မျက်နှာက ပြုံတော့မည့်မိုးလို အုံ့မှိုင်းနေသည်။ စူးရဲသော မျက်ဝန်းတွေမှာ နာကျင် ရိပ်တို့ စွန်းထင်းနေခဲ့၏။

မင်းစာကျက်ရမည်တဲ့ ဒါပေမဲ့ ကျက်ရမည့် စာအုပ်မှာ စာမျက်နှာမပါ...၊ ဆက်သွားပါလို့ ပြောနေပြီး ကြည့်လိုက်တော့ သူ့ရှေ့မှာ လမ်းကမရှိ...၊ တင်းတင်းစေ့နေသည့် နှုတ်ခမ်းတို့သည် အနည်းငယ်တောင် လှုပ်ခတ်သွားတာ မရှိ။ နာကျင်ခြင်းတွေက နှုတ်ခမ်းနဲ့ မျက်ဝန်းတို့မှာသာ ရှိနေခဲ့ပြီး ...၊

"သူသိတယ် ... မင်း မနာခံချင်ဘူး ဆိုတာ ..."

ဦးစိုင်းမော့က လက်နှစ်ဖက် နောက်ပစ် ချိတ်ထားရင်း ခပ်ဖြည်းဖြည်း လှည့်လာသည်။

"ဒါပေမဲ့ သူ နောက်ဆုတ်မှာမဟုတ်ဘူး ...၊ ဘယ်တုန်းက ဘယ်သူ့ကို အလျှော့ပေးခဲ့တယ် ဆိုတဲ့ ရာဇဝင် သူ့မှာမရှိဘူး၊ အဲဒါကြောင့် မင်းလုပ်ရမယ် ..."

ဦးစိုင်းမောာ မျက်လုံးတွေက ဒူးတစ်ဖက်ပေါ် တံတောင်တစ်ဖက် ထောက်ပြီး မျက်နှာခပ် လွှဲလွှဲနှင့် ထိုင်နေသည့် နိမိတ်ကိုငုံ့မိုးကြည့်နေခဲ့၏။ ကျောပြင်ထက်က ဆံပင်ရှည်တချို့သည် ပခုံးတစ် ဖက်စွန်းကနေ ရှေ့ကို ပြိုကျနေခဲ့လျက် ကွယ်နေသည့် မျက်နှာကို ပါးရိုး တစ်ဖက်နဲ့ နှာခေါင်းအစွန်းလေးပဲ မြင်နေရသည်။ သို့သော် သူ့ဘက်ကို လှည့်လာမှာလားလို့ အတန်ကြာ စောင့်ကြည့်နေမိသည်။ ပြီးမှ ...၊

"မင်းမှာ တခြားဘာမှပြောစရာ မရှိတော့ရင် ငါပြန်မယ် ..."

နိမိတ်က မလှုပ် ...၊

"မင်းမှာ ရက်သိပ်မကျန်တော့ဘူးဆိုတာ မမေ့ပါနဲ့ အတိအကျ ပြန်ရောက်ဖို့ ကြိုးစားပြီးတော့ ကျားလေး ..."

နာမည်ခေါ်လိုက်မှ ကျားလေးကလည်း မော့ကြည့်သည်။

"မင်းလုပ်ရမှာ သူနဲ့လက်တွဲပြီး မြို့က တိုးတက်မှုတွေကို လေ့လာဖို့ မဟုတ်ဘူး ..."

ကျားလေးမျက်နှာ ငုံ့သွားသည်၊ သူသည်လည်း နိမိတ်ရဲ့ မျက်နှာမျိုးပဲဖြစ်ကာ တင်းနေတာမျိုးတော့ မဟုတ်ပေ ...၊ ဦးစိုင်းမောက မျက်နှာလွှဲလိုက်ပြီးမှ ...၊

"သူ ပြန်နိုင်အောင် မင်းကူညီပါ ...၊ သူပြန်လာတာနဲ့ မင်းလည်း ဒီကနေသွားရမယ် ...၊ ပြောတာ နားလည်ရဲ့လား ..."

"ဟုတ်ကဲ့ပါ ..."

ထိုစဉ် နိမိတ်က နေရာမှ ထရပ်လိုက်ကာ ...၊

"သူ နေကောင်းရဲ့လား ... "

ဦးစိုင်းမောက စိုက်ကြည့်နေပြီး ရုတ်တရက်မဖြေ ...၊

"သူနေကောင်းလား ကျွန်တော်သိချင်တယ် ..."

"ငါမသိဘူး ... "

သုံးယောက်ကြားမှာ အတန်ကြာ တိတ်ဆိတ်သွားခဲ့သည်။ ပြီးတော့ ဦးစိုင်းမော ထွက်သွားသည့် လှုပ်ရှားသံ ထွက်ပေါ်လာခဲ့ပြီး ...၊

"မင်းတို့ ဖုန်းလုံးဝမသုံးရဘူး ...

ခပ်လှမ်းလှမ်းရောက်မှ လှည့်ပြောသွားသည်။ ခဏကြာတော့ အားလုံး တိတ်ဆိတ် ငြိမ်သက်သွားခဲ့၏။

"ကျွန်တော့်ကို သူ ဘာလုပ်နိုင်လဲ ကျားလေး ..."

"မင်းကို သူပြောလိုက်တာပဲလေ ..."

တိတ်ဆိတ်သွားပြန်သည်၊ ပြီးတော့ နိမိတ်ခြေလှမ်းတွေ ပြတင်းပေါက်ဆီ ဦးတည်လိုက်လျှင် သူ့ရင်ဘတ်မှာ ဖျတ်ခနဲ ဝေ့သွားသော အလင်းပြောက်လေးတစ်ခု၊ မျက်နှာမူထားတာကို မလွဲဘဲ မြင်နေရသည့် လပ်နေသော ပြတင်းတံခါး တစ်ချပ်ဆီ သူ့အကြည့်တွေ စူးစိုက်သွားသည်။ နောက်ထပ် ထိုဆီမှာ လက်ခနဲ တစ်ချက်ဖြစ်သွားတော့ သူ့မျက်နှာ တည်သွားကာ ...၊

"တော်တော်ကို လွန်တယ် ...

ကျားလေးက ထိုင်ရာမှ ထရပ်လိုက်ပြီး ပြတင်းတံခါး အကွယ်ဘက်မှာ သွားရပ်ကာ ...၊

"မင်းပုံ မရစေချင်ရင် ဘာလို့ အဲ့မှာရပ်နေတာလဲ ..."

"ပုံရိုက်နေတာမဟုတ်ဘူး ..."

ပြောပြီး ဒီဘက် ပြန်လှည့်လိုက်ကာ ...၊

"ခင်ဗျား နာမည်ပြောခဲ့တာလား ..."

"မပြောရင် မရမက လိုက်နေမှာ ဘာဖြစ်လို့လဲ မင်းစိုးရိမ်လို့လား ..."

နိမိတ်က ခေါင်းခါလိုက်ပြီး အပေါ်ထပ်ကို ချွတ်ပစ်လိုက်သည်။

ထိုအခါ သူ့ရဲ့ ညာဘက် လက်မောင်းပေါ်မှ အနက်ရောင် လက်ဖွဲ့ကြိုးသည် မြွေတစ်ကောင် ရစ်ပတ်ထားသလို ရှိနေလျက် မျက်လုံးထဲက မန်းကျည်းစေ့ခန့် အနီရောင် တလက်လက် တောက်နေသော လုံးချောပတ္တမြားသည်၊

"မင်း ဒီမှာတော့ အပေါ်ထပ် ချွတ်မနေသင့်ဘူးနော် ငါပြောတာ မင်း လက်မောင်းက အဆောင်လက်ဖွဲ့ကြောင့် မဟုတ်ဘူး ..."

နိမိတ်၏ ကျစ်လျစ်တောင့်တင်းသော ကိုယ်ဟန်အနေအထားက ယောကျ်ားချင်းတောင် နာလိုချင်စရာမရှိ ...၊

"ခုတောင် မင်းနောက်ကို လိုက်နေကြပြီ မလိုချင်တဲ့သူအတွက် ဘယ်လောက်ရနေနေ တန်ဖိုးမရှိဘူး ... မင်းစိတ်အနှောင့်ယှက် ဖြစ်နေတာကို သိလို့ပြောနေတာ မိန်းကလေးတွေ စိတ် ကူးချင်အောင် တစ်ခုပြီးတစ်ခု ထုတ်ပြနေသလို ဖြစ်နေရင် ရှုးကုန်ကြလိမ့်မယ် ..."

"လောလောဆယ် ငါလည်းရှူးချင်နေပြီလို့တော့ မပြောဖြစ်တော့ပါ ..."

"မင်းအတွက် ခေါင်းလျှော်ရည်က လေးရက်စာပဲ ကျန်တယ် ဆေးလိပ်ကလေးလိပ် မင်းကြိုးစားခွင့် လေးရက်ပဲ ရှိတော့တယ် ကိုယ်တိုင်လည်း စိတ်မပါ ဒါတွေလည်း ကုန်သွားပြီဆိုရင် ..."

"အဲဒါတွေ မလိုဘူး ..."

ဟင် ...။

ကျားလေး ဆက်ခနဲ ဖြစ်သွားသည်။

"မင်း လုပ်တော့မလား ..."

ပြန်ဖြေသံမကြားရပေမဲ့ ကျားလေး အနည်းငယ် ကျေနပ်သွားသည်။ ဒီကို လာခဲ့ကြတာ ခိုင်းလိုက်တာကို လုပ်ကြဖို့ ... ဒါကိုလည်း နိမိတ်ကသာ လုပ်နိုင်မှာဖြစ်ကာ ပြီးသွားဖို့ထက် ဘာမှ အရေးကြီးတာ မရှိ...၊

"ဘယ်အချိန်ပြန်မယ်ဆိုတာ ကျွန်တော့်ဘာသာ ဆုံးဖြတ်မှာ ... နောက်တစ်ခါ ကျားလေး ဟင်ခနဲ ဖြစ်သွားသည်။ နိမိတ်ကို နားမလည်သလို ကြည့်ရင်း ပြတင်းတံခါးကို ဆွဲပိတ်ပစ်လိုက်ကာ ...၊

"ငါတို့အတွက် ကြာကြာနေရင် မကောင်းနိုင်ဘူးဆိုတဲ့ အဖြေက ရှိပြီးသားနော် နိမိတ် နောက်ပြီး မင်းတာဝန်မကျေရင် ဘာဖြစ်သွားနိုင်လဲ ဆိုတာ မသိတာလည်း မဟုတ်ဘူး၊ မင်းဒီမှာ စိတ်အနှောင့်အယှက် ဖြစ်နေတယ်ဆိုရင် တခြားနေရာ ပြောင်းလို့ရတယ် ဒါပေမဲ့ မင်းအတွက် အချိန်ကလေးရက်ပဲ ..."

ဆတ်ခနဲ မော့လာသည့် နိမိတ်မျက်နှာမှာ ဒေါသတွေနှင့်၊ "အဲဒါကို ကျွန်တော်ပဲ ဆုံးဖြတ်မယ်လို့ ပြောပြီးသား ... ခက်ပ့ါ ...၊

ကျားလေးမျက်နှာ မဲ့သွားသည်။ ပြီးတော့ ခေါင်းတစ်ချက် ခါလိုက်ရင်း ...၊

"ငါက မင်းအတွက်ပြောတာ ဆုံးဖြတ်တာကတော့ မင်း အပိုင်းပဲ ..."

***